အပင်များအားကာကွယ်ခြင်းနှင့်
ကူးစက်ရောဂါများမပျံ့နှံ့အောင်တားဆီးခြင်း

ဩဂုတ်လ ၂၀၁၂

# အမေရိကန်ပြည်ထောင်စုအတွင်းသို့ အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များအား တင်သွင်းခြင်း

များပြားလှသော စိုက်ပျိုးရေးဆိုင်ရာ ကူးစက်ပျံ့ပွားတတ်သောရောဂါနှင့် အနာရောဂါဖြစ်ပွားခြင်းသည် ကမ္ဘာ အဝှမ်းပေါ်ပေါက်လျက်ရှိပြီး လူသုံးကုန်ပစ္စည်းများဖြစ်သည့် အသားများ၊ တိရိစ္ဆာန်များ၊ တိရိစ္ဆာန်ထွက်ပစ္စည်းများ၊ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များ၊ အပင်များ၊ မြေဆီ၊ မျိုးစေ့များ၊ အပင်ဖြင့်ပြုလုပ်ထားသည့် လက်မှုပစ္စည်းများနှင့် အခြားပစ္စည်းများမှတဆင့် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်လာနိုင်သည်။ ဤသို့သော ဘေးအန္တရာယ်များကြောင့် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေးဌာန (U.S. Department of Agriculture's, USDA) တိရိစ္ဆာန်နှင့် အပင်ကျန်းမာရေးစစ်ဆေးမှုဌာန(Animal and Plant Health Inspection Service, APHIS)မှ အမေရိကန်နိုင်ငံအတွင်းသို့ နိုင်ငံခြားမှ စိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်းခြင်းနှင့် ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါထုတ်ကုန်အမျိုးအစားများ (သို့) ၎င်းထုတ်ကုန်များပါဝင်သောကုန်ပစ္စည်းတင်သွင်းသူများ (သို့) ပွဲစားများမှ ကုန်ပစ္စည်းတင်သွင်းခြင်းမပြုမီ အဆိုပါထုတ်ကုန်မျိုးအားတင်သွင်းရန်လျှောက်ထားရာတွင် လိုအပ်ချက်များကို ရှာဖွေရန်လိုအပ်မည်။ လိုအပ်ချက်များကိုလေ့လာခြင်းမှ သင့်အားရှုပ်ထွေးမှုများကို လျှော့ချစေနိုင်ခြင်း၊ ကုန်ကျစရိတ်များမည့်နှောင့်နှေးကြန့်ကြာမှုများကို ကာကွယ်နိုင်ခြင်းနှင့် ဒဏ်ငွေပြစ်ဒဏ်များနှင့် ရောင်းကုန်ဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်ခြင်းတို့ကို ကူညီနိုင်လိမ့်မည်။

## ယေဘုယျအချက်အလက်များ

အမေရိကန်ပြည်ထောင်စု၏ ဒေသဆိုင်ရာလုံခြုံရေးအကောက်ခွန်နှင့် နယ်စပ်ဒေသကာကွယ်ရေးဌာန (Customs and Border Protection, CBP) မှ APHIS ၏ သွင်းကုန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်မှုကို အတည်ပြုသည်။ CBP စိုက်ပျိုးရေးကျွမ်းကျင်သူများက တင်သွင်းလာသည့်ထုတ်ကုန်ပစ္စည်းသင်္ဘောလိုင်းများနှင့် ပါဝင်လာမည့် လိုအပ်သောခွင့်ပြုချက်များ၊ ကျန်းမာရေးညီညွတ်ခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ (တိရိစ္ဆာန်ထုတ်ကုန်များအတွက်) နှင့် ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာတာဝန်ရှိသူများ၏ ထောက်ခံချက်အသိအမှတ်ပြုလက်မှတ်များ (အပင်ထုတ်ကုန်များအတွက်) ကို စစ်ဆေးသည်။

ကျန်းမာရေးညီညွတ်ခြင်းနှင့် စိုက်ပျိုးရေးထောက်ခံချက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များသည် ကုန်ပစ္စည်း တင်ပို့သည့်နိုင်ငံများမှ အဆိုပါထုတ်ကုန်ပစ္စည်းများသည် အမေရိကန်ပြည်ထောင်စု၏ အပင်နှင့် တိရိစ္ဆာန်ဆိုင်ရာကျန်းမာရေးစံချိန်စံညွှန်းသို့ ပြည့်မီကြောင်းထောက်ခံထုတ်ပြန်ထားသည့် တရားဝင်စာရွက်စာတမ်းများ ဖြစ်သည်။ ဥပမာ စိုက်ပျိုးရေးထောက်ခံချက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်သည် ပိုးသတ်သန့်စင်မှု ဆောင်ရွက်ပြီးစီးခြင်း (သို့) နိုင်ငံခြားသို့တင်ပို့မည့်ကုန်ပစ္စည်းများသည် ကူးစက်ပျံ့ပွားတတ်သောရောဂါနှင့် အနာရောဂါဖြစ်ပွားခြင်းတို့မှ ကင်းရှင်း၍ စစ်ဆေးပြီးစီးကြောင်းကို အတည်ပြုချက်ပါဝင်မည်။

ကုန်ပစ္စည်းတင်သွင်းသူများသည် APHIS ၏ စည်းမျဉ်းစည်းကမ်းချမှတ်မှုများကို အထူးသဖြင့် အပင်နှင့် တိရိစ္ဆာန်များမှ ထုတ်ကုန်များအား အစဉ်သတိရှိဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာ အပင်စိုက်ပျိုးရန်အတွက် မျိုးစေ့များနှင့် အလှဆင်ထားသောလက်မှုပစ္စည်းများသည် စည်းမျဉ်းစည်းကမ်းချမှတ်မှုတွင် ပါဝင်သည်။ အမေရိကန်ပြည်ထောင်စုသို့ တရားဝင်ကုန်ပစ္စည်းတင်သွင်းရန် ရောင်းဝယ်ဖောက်ကားမှုလုပ်ထုံးလုပ်နည်းများ နှင့် ထုတ်ပိုးပြီးကုန်ပစ္စည်းများသည် တင်ပို့သည့်နိုင်ငံမှ အဆိုပါထုတ်ကုန်ပစ္စည်းများသည် အမေရိကန် ပြည်ထောင်စု၏ အပင်နှင့် တိရိစ္ဆာန်ဆိုင်ရာကျန်းမာရေးစံချိန်စံညွှန်းသို့ ပြည့်မီကြောင်းထောက်ခံချက်များ ပါရှိသည့် စာရွက်စာတမ်းများ (သို့) ခွင့်ပြုချက်များပါဝင်ရန်လိုအပ်သည်။ ကုန်ပစ္စည်းတင်သွင်းသူများအနေဖြင့် ကုန်ပစ္စည်းတင်ပို့မည့်ဒေသတွင် ကူးစက်ပျံ့ပွားတတ်သောရောဂါနှင့် အနာရောဂါဖြစ်ပွားနေလျှင် အဆိုပါဒေသ များမှ ကုန်ပစ္စည်းများအား အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းရန်မဖြစ်နိုင်ကြောင်းကိုလည်း သတိပြုရန် လိုအပ်သည်။

## အပင်များနှင့် အပင်ထုတ်ကုန်ပစ္စည်းများ

အပင်များနှင့် အပင်ထုတ်ကုန်ပစ္စည်းများတင်သွင်းရန် အထွေထွေလိုအပ်ချက်များကိုရှာဖွေရန် APHIS ၏ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်တင်သွင်းခြင်းဆိုင်ရာလိုအပ်မှုအချက်အလက် Requirements (Fruits and Vegetables Import Requirements, FAVIR) ကို www.aphis.usda.gov/favir/. တွင် ဝင်ရောက်ကြည့်ရှု နိုင်သည်။ FAVIR အချက်အလက်သည် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များတင်ပို့မှုအတွက် ကုန်ပစ္စည်း တင်သွင်းလိုသူများအား ၎င်းတို့၏သတ်မှတ်ထားသောကုန်ပစ္စည်းတင်သွင်းမှုလိုအပ်ချက်များကို လျင်မြန် လွယ်ကူသောနည်းလမ်းများဖြင့် ရှာဖွေနိုင်ရန် စီစဉ်ထားသည်။

အသီးအနှံ (သို့) ဟင်းသီးဟင်းရွက်အမျိုးအစားကို "Approved Name" "အတည်ပြုပြီးအမည်" နေရာတွင် ရွေးချယ်ရမည်ဖြစ်ပြီး ကုန်ပစ္စည်းတင်ပို့မည့်မူလနိုင်ငံ/ဒေသကို "Country/Region" "နိုင်ငံ/ဒေသ" နေရာတွင် ရွေးချယ်ရမည်။ ထို့နောက် အောက်ပါအဖြေများထဲမှ တစ်ခုကို သင်လက်ခံရရှိလိမ့်မည်။

- "0 entries found" "ခွင့်ပြုချက်ရရှိသည့်ကုန်ပစ္စည်းမရှိ" - ဤသည်မှာ အသီးအနှံ (သို့) ဟင်းသီး ဟင်းရွက်သည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ တင်သွင်းခွင့်မပြုဟု အဓိပ္ပါယ်သက်ရောက်သည်။

- "# entry(ies) found [followed by the name of the commodity and the name of the country]." "ခွင့်ပြုချက်ရရှိသည့်ကုန်ပစ္စည်းတွေ့ရှိသည်" (တင်ပို့မည့်နိုင်ငံအမည်နှင့် ကုန်ပစ္စည်း အမည်ကိုလိုက်၍)။ ဤစာတမ်းပေါ်လာလျှင် တင်ပို့မည့်ကုန်ပစ္စည်းတင်သွင်းမည့်အစီရင်ခံစာကို ကြည့်ရှုရန် "CIR" ကို နှိပ်ပါ။
    - o တင်သွင်းမှုလိုအပ်ချက်တွင် "1 Subject to Inspection…" "ပစ္စည်းတစ်ခုစစ်ဆေးရန်" ဟု ပြောလာလျှင် အဆိုပါအသီးအနှံ (သို့) ဟင်းသီးဟင်းရွက်သည် အမေရိကန်ပြည်ထောင်စု အတွင်းသို့ ဆိုင်းငံ့စစ်ဆေးခြင်းအရ တင်သွင်းရန်ခွင့်ပြုသည်။
    - o တင်သွင်းမှုလိုအပ်ချက်တွင် "Condition of entry treatment," "တင်သွင်းမှုလုပ်ဆောင် ချက်ဆိုင်ရာအခြေအနေ"ဟု ပြောလာလျှင် အဆိုပါအသီးအနှံ (သို့) ဟင်းသီးဟင်းရွက်သည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ တင်သွင်းရန် တင်သွင်းမှုဆိုင်ရာ လုပ်ဆောင်မှုလိုအပ်ချက် ထပ်မံလိုအပ်သည်ကို ဆိုလိုသည်။

APHIS သည် အပင်များနှင့် အပင်ထုတ်ကုန်ပစ္စည်းများ၊ အပင်စိုက်ပျိုးမှုအတွက်အပင်များ (ဥပမာ-ကလေးများ အစေ့နှင့် သေးငယ်သောမျိုးစေ့များ) အပါအဝင်၊ စိုက်ပျိုးရေးထုတ်ကုန်များ (ဥပမာ-ကျွန်းသစ်၊ ဝါဂွမ်းနှင့် အပင်ကိုင်းခတ်များ)၊ အပင်အစိတ်အပိုင်းများဖြင့်ပြုလုပ်ထားသည့် လက်မှုပစ္စည်းများ (ဥပမာ-ကြိမ်ခြင်း တောင်း)၊ ဘေးမဲ့အပင်များနှင့် ထုတ်ကုန်ပစ္စည်းများ (ဥပမာ-သစ်ခွ)နှင့် မျိုးတုန်းပျောက်ကွယ်သွားနိုင်မည့် အပင်မျိုးစိတ်များ တင်သွင်းခြင်းအတွက်လည်း စည်းမျဉ်းစည်းကမ်းများချတ်မှတ်ဆောင်ရွက်သည်။

နိုင်ငံခြားအသီးအနှံနှင့်ဟင်းသီးဟင်းရွက်များ၊ အပင်များ၊ မျိုးစေ့များနှင့် အပင်ထုတ်ကုန်ပစ္စည်းများတင်သွင်းရန် ကုန်ပစ္စည်းတင်သွင်းသူသည် APHIS ထံသို့ စိုက်ပျိုးရေးထုတ်ကုန်တင်သွင်းမှုခွင့်ပြုချက်နှင့် ကုန်ပစ္စည်းတင်ပို့ မည့်မူလနိုင်ငံမှ စိုက်ပျိုးရေးထောက်ခံချက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ဖြင့် လျှောက်ထားရမည်။ စိုက်ပျိုး ရေးထောက်ခံချက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်သည် ကုန်ပစ္စည်းတင်ပို့မည့်နိုင်ငံမှ ကူးစက်ရောဂါများမပျံ့နှံ့ အောင်တားဆီးခြင်းဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံခြားသို့တင်ပို့မည့်အပင်များသည် ကူးစက်ပျံ့ပွားတတ်သော ရောဂါနှင့် အနာရောဂါဖြစ်ပွားခြင်းမရှိကြောင်းကို ကြည့်ရှုစစ်ဆေးပြီးဖြစ်ရမည်။ ဆက်လက်ပြီး အဆိုပါအသိ အမှတ်ပြုလက်မှတ်အနေဖြင့် နိုင်ငံခြားသို့တင်ပို့မည့်အပင်များသည် ၎င်းတို့၏သိပ္ပံဆိုင်ရာအမည်များဖြင့် ခွဲခြားထားပြီး အမေရိကန်ပြည်ထောင်စု၏ ကုန်ပစ္စည်းတင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြည့်မီ ကြောင်းဖော်ပြရမည်။

အမေရိကန်ပြည်ထောင်စုသို့ ကုန်ပစ္စည်းတင်ပို့သူများသည် ၎င်းတို့၏ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုအတွက် စိုက်ပျိုးရေးဆိုင်ရာခွင့်ပြုချက်ကို ကြိုတင်ရရှိထားသင့်သည်။ ကုန်ပစ္စည်းတင်သွင်းမှုခွင့်ပြုချက်တောင်းခံရန် APHIS သို့ အောက်ပါအတိုင်းဆက်သွယ်နိုင်သည်။

USDA-APHIS, Plant Protection and Quarantine
Permit Unit
4700 River Road, Unit 133
Riverdale, MD  20737
ဖုန်း- (၈၇၇) ၇၇၀-၅၉၉၀ (သို့) (၃၀၁) ၈၅၁-၂၀၄၆
အီးမေးလ်- permits@aphis.usda.gov
www.aphis.usda.gov/plant_health/permits/index.shtml

## အသား၊ တိရိစ္ဆာန်ထုတ်ကုန်နှင့် ဘေးထွက်ပစ္စည်းများ၊ တိရိစ္ဆာန်အရှင်များ

APHIS သည် အခြားနိုင်ငံများမှ တိရိစ္ဆာန်မှကူးစက်သောရောဂါများ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက် လာမှုမရှိစေရန်  အသား၊ တိရိစ္ဆာန်ထုတ်ကုန်နှင့် ဘေးထွက်ပစ္စည်းများ၊ တိရိစ္ဆာန်အရှင်များတင်ပို့မှုတွင် စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်သည်။ အမေရိကန်ပြည်ထောင်စုသို့တင်ပို့မည့် အသားနှင့် အသား ထွက်ကုန်ပစ္စည်းများ (ဥပမာ-အရံသင့်စားသုံးရန်ပြုလုပ်ထားသည့်အသားနှင့် ပြင်ဆင်ထားပြီးအစားအသောက် များ)၊ ကြက်ဘဲ၊ နို့၊ ကြက်ဥများနှင့် နို့ထွက်ပစ္စည်းများ (ထောပတ်နှင့်ဒိန်ခဲမှလွဲ၍) များတွင် အခြားနိုင်ငံခြား တိုင်းပြည်များမှ မွေးမြူရေးတိရိစ္ဆာန်မှ ကူးစက်ရောဂါများကင်းရှင်းကြောင်းအတွက် တိရိစ္ဆာန်ဆေးကုဆရာဝန် များထံမှ ခွင့်ပြုချက်လိုအပ်သည်။ အသား၊ ကြက်ဘဲ (သို့) ကြက်ဥထုတ်ကုန်များပါဝင်သောစားသောက်ကုန်များ စသည့် ပမာဏအနည်းသာပါဝင်သော စားသောက်ကုန်တင်ပို့မှုများတွင်လည်း အဆိုပါခွင့်ပြုချက်မျိုး လိုအပ် သည်။ ဆက်လက်၍ USDA ၏ စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စုံစမ်းစစ်ဆေးရေးဝန်ဆောင်မှု ဌာန (Food Safety and Inspection Service, FSIS) က လူ့စားသောက်ကုန်အတွက်ရည်ရွယ်သည့် အသား၊ ကြက်ဘဲနှင့် ကြက်ဥထုတ်ကုန်ပစ္စည်းများတင်သွင်းမှုအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်သည်။ အမေရိကန်ပြည်ထောင်စုသို့တင်သွင်းသည့်အချိန်တွင် အဆိုပါတင်ပို့ကုန်များအတွက် APHIS ၏ တိရိစ္ဆာန် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့် FSIS ၏ လူထုကျန်းမာရေးဆိုင်ရာလိုအပ်ချက်များနှင့်ကိုက်ညီမည့် ကျန်းမာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များလိုအပ်သည်။

ကုန်ပစ္စည်းတင်သွင်းသူများအနေဖြင့် တင်သွင်းနိုင်မည့်နိုင်ငံခြားနှင့် ထုတ်ကုန်များစာရင်းကို အောက်ပါ အင်တာနက်စာမျက်နှာ www.fsis.usda.gov/pdf/Countries_ Products_Eligible_for_Export.pdf တွင် ကြည့်ရှုနိုင်သည်။

တိရိစ္ဆာန်ထုတ်ကုန်များနှင့် တိရိစ္ဆာန်အရှင်များအား အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းမှုဆိုင်ရာလိုအပ်ချက် များအတွက် APHIS ၏တိရိစ္ဆာန်ဆိုင်ရာဝန်ဆောင်မှု အင်တာနက်စာမျက်နှာ www.aphis.usda.gov/import_export/animals/animal_import/animal_imports.shtml သို့ သွားရောက်ကြည့်ရှုနိုင်သည်။

ကုန်ပစ္စည်းတင်သွင်းသူများသည် ပိုမိုသိရှိလိုသည့်အချက်အလက်များအတွက် APHIS ၏အမျိုးသားထုတ်ကုန်၊ သွင်းကုန်စင်တာ (National Center for Import and Export, NCIE) သို့ ဆက်သွယ်နိုင်သည်။

USDA-APHIS-NCIE
4700 River Road, Unit 39
Riverdale, MD  20737
ဖုန်း- (၃၀၁) ၈၅၁-၃၃၀၀ လိုင်းခွဲ ၅
ဖက်စ်- (၃၀၁) ၇၃၄-၈၂၂၆
အီးမေးလ်- AskNCIE.Products@aphis.usda.gov

APHIS သည် မွေးမြူရေးမျိုးစိတ်အများစုဖြစ်သည့် (ဥပမာ-ကျွဲနွားတိရိစ္ဆာန်၊ ဝက်များ၊ သိုးများ၊ ဆိတ်များ၊ မြင်းများနှင့် ကြက်ဘဲများ) အထူးသဖြင့် မွေးမြူရေးတိရိစ္ဆာန်မဟုတ်သည့် စားသောက်ကုန်ပစ္စည်းများ တင်သွင်းမှုအတွက်လည်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်သည်။ အဆိုပါတိရိစ္ဆာန်အရှင်များအတွက် USDA ၏ကုန်ပစ္စည်းတင်သွင်းမှုခွင့်ပြုချက်လိုအပ်လိမ့်မည်။ ဆက်လက်ပြီး APHIS စည်းမျဉ်းစည်းကမ်းဆိုင်ရာ တိရိစ္ဆာန်အများစုအတွက် အမေရိကန်ပြည်ထောင်စုမှ အခြားနိုင်ငံများသို့တင်သွင်းခြင်းနှင့် သယ်ယူပို့ဆောင် ခြင်းအတွက် ယေဘုယျအားဖြင့် ကျန်းမာရေးဆိုင်ရာအသိအမှတ်ပြုထောက်ခံချက်လိုအပ်သည်။ အချို့မျိုး စိတ်များအတွက် တင်သွင်းရန်နှင့် တင်သွင်းပြီးကုန်ပစ္စည်းများအတွက် ကူးစက်ရောဂါများ မပျံ့နှံ့အောင်တား ဆီးခြင်းမှတ်တမ်းများကိုလည်း လိုအပ်သည်။

APHIS ရုံးများသည် အမေရိကန်ပြည်ထောင်စုအတွင်း ပြည်နယ်အများအပြားတွင်တည်ရှိပြီး တိရိစ္ဆာန်အရှင်များ တင်သွင်းခြင်းနှင့်ပတ်သက်ပြီး လိုအပ်သည့်အကူအညီကို တောင်းခံနိုင်သည်။ စည်းမျဉ်းစည်းကမ်းသတ်မှတ် ထားသောတိရိစ္ဆာန်အမျိုးအစားများအကြောင်း ထပ်မံသိရှိရန်၊ ခွင့်ပြုချက်လျှောက်ထားခြင်း၊ အခြားလိုအပ်ချက် များနှင့် APHIS ရုံးခွဲများစာရင်းကို ကြည့်ရှုရန် ကျွန်ုပ်တို့၏ အင်တာနက်စာမျက်နှာ www.aphis.usda.gov/import_export/animals/animal_import/animal_imports.shtml သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

## အီလက်ထရောနစ်ခွင့်ပြုချက်စနစ် [ePermits System]

APHIS သည် အီလက်ထရောနစ်ခွင့်ပြုချက်စနစ် ePermits system အား ကုန်ပစ္စည်းတင်သွင်းသူများမှ ခွင့်ပြုချက်လျှောက်ထားနိုင်သည့် အင်တာနက်အခြေစိုက်ကိရိယာများ၊ အခြေအနေစစ်ဆေးရန်နှင့် အင်တာနက်ပေါ်တွင်ကြည့်ရှုနိုင်ရန်လည်း ဝန်ဆောင်မှုပေးထားသည်။ အဆိုပါစနစ်သည် ခွင့်ပြုချက်လျှောက်ထားခြင်းများ၊ လုပ်ငန်းစဉ်အချက်အလက်များနှင့် ခွင့်ပြုချက်ထုတ်ပြန်ခြင်းအတွက် အချိန်ကုန်မှုများကို လျှော့ချနိုင်သည်။ မည်ကဲ့သို့ ခွင့်ပြုချက်လျှောက်ထားရမည်ကို အွန်လိုင်းမှရှာဖွေရန် www.aphis.usda.gov/permits/learn_epermits.shtml သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ ePermits system

အတွက် မှတ်ပုံတင်ရန် www.aphis.usda.gov/permits/eauth_epermits.shtml သို့ ဝင်ရောက်ကြည့်ရှု နိုင်သည်။

(*ကုန်ပစ္စည်းတင်သွင်းသူများသို့မှတ်ချက်*- တင်သွင်းမှုများအတွက် ဒေသဆိုင်ရာခွင့်ပြုချက် (သို့) အခြားသော ဒေသဆိုင်ရာ လယ်ယာစိုက်ပျိုးရေး၊ ငါးနှင့် တောရိုင်းတိရိစ္ဆာန် (သို့) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်စားလှယ်များမှ စာရွက်စာတမ်းများလိုအပ်သည်။ ဆက်လက်၍ ကိုယ်စားလှယ်ဌာနများအနေဖြင့် နောက်ဆက်တွဲခွင့်ပြုချက်များလိုအပ်မည်)

## လယ်ယာစိုက်ပျိုးရေးမှောင်ခိုတင်သွင်းခြင်းနှင့် ကုန်သွယ်မှုလေးစားလိုက်နာခြင်း

နှစ်စဉ်နှစ်တိုင်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများမှောင်ခိုတင်သွင်းခြင်းနှင့် မလျော်ကန်သော တင်သွင်းမှုပမာဏသည် အမေရိကန်ပြည်ထောင်စုအတွင်း ကြီးထွားလာသည်။ တုန့်ပြန်မှုအနေဖြင့် တရားမဝင် ကုန်ပစ္စည်းတင်သွင်းမှုများနှင့် တားမြစ်ထားသောလယ်ယာစိုက်ပျိုးရေးထုတ်ကုန်များဖြန့်ဖြူးခြင်းအား APHIS မှဖော်ထုတ်လျက်ရှိသည်။ ဤထုတ်ကုန်များသည် အန္တရာယ်ဖြစ်စေနိုင်သော အပင်နှင့်တိရိစ္ဆာန်ဆိုင်ရာကပ် ရောဂါများ (သို့) အမေရိကန်ပြည်ထောင်စုရှိ ကောက်ပဲသီးနှံ၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်ပျက်စီးနေနိုင်သည့် ကျူးကျော်မျိုးစိတ်များအား သယ်ဆောင်လာနိုင်သည်။

APHIS ၏တာဝန်ရှိသူများသည် တိုင်းပြည်အတွင်းရှိ စျေးဆိုင်များ၊ ကုန်စုံဆိုင်များအား သေချာစွာစီစစ်ရန်နှင့် တားမြစ်ထားသောလယ်ယာစိုက်ပျိုးရေးဆိုင်ရာစားသောက်ကုန်များ၏ အင်တာနက်ကုန်သွယ်မှု စောင့်ကြည့် လေ့လာရန် ညွှန်ကြားသည်။ တရားမဝင် တင်သွင်းထားသောထုတ်ကုန်များ (သို့) နိမ်နင်းရန်ညွှန်ကြားချက်ရှိ သည့် ဥပဒေချိုးဖောက်များကိုတွေ့ရှိလျှင် APHIS က အဆိုပါထုတ်ကုန်ပစ္စည်းနှင့် ပြစ်မှုကျူးလွန်သူများကို လိုက်လံဖမ်းဆီးသိမ်းဆည်း၍ အကြောင်းခိုင်လုံလျှင် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည်။

ထို့ကြောင့် ကုန်ပစ္စည်းဖြန့်ဖြူးသူများနှင့် ကုန်စုံဆိုင်ပိုင်ရှင်များသည် တရားဝင်နည်းလမ်းဖြင့် တင်သွင်းထား သော ကုန်ပစ္စည်းများကိုသာ ရောင်းဝယ်ဖောက်ကားနိုင်ရန် အရေးကြီးသည်။ အလားတူပင် ကုန်ပစ္စည်း သင်္ဘောတင်သွင်းခြင်းစာရွက်စာတမ်းများနှင့် လယ်ယာစိုက်ပျိုးမှုဆိုင်ရာ စားသောက်ကုန်များနှင့်ပတ်သက် သည့် အချက်အလက်အကြောင်းအရာများကို သေချာစွာကြည့်ရှုစစ်ဆေးရန် အရေးကြီးသည်။ အကယ်၍ ပံ့ပိုးသူများသည် ၎င်းတို့ရောင်းချနေသောပစ္စည်းများသည် တားမြစ်ထားသောပစ္စည်းများဖြစ်သည်ကို သိမြင်ခြင်းမရှိလျှင် APHIS ၏တာဝန်ရှိသူများက ပြည်ထောင်စုစည်းမျဉ်းစည်းကမ်းများနှင့် တရားမဝင် လမ်းကြောင်းများအား ခြေရာခံလိုက်ရန်အရေးကြီးကြောင်းကို ရှင်းပြလိမ့်မည်။

စျေးဆိုင်ပိုင်ရှင်များသည် လယ်ယာစိုက်ပျိုးရေးကုန်ပစ္စည်းမှောင်ခိုတင်သွင်းခြင်းဆိုင်ရာ သံသယဖြစ်မှုများအား APHIS သို့ အစီရင်ခံတင်ပြသင့်သည်။ တားမြစ်ထားသောလယ်ယာစိုက်ပျိုးရေးထုတ်ကုန်များဖြန့်ဖြူးခြင်း (သို့) တင်သွင်းခြင်းနှင့်ပတ်သက်၍ APHIS ၏ ကာကွယ်တားဆီးမှုများကို ပိုမိုသိရှိလိုပါက ဖုန်းနံပါတ် (၈၀၀) ၈၇၇-၃၈၃၅ သို့ ခေါ်ဆိုနိုင်ပြီး (သို့) သို့ အင်တာနက်စာမျက်နှာ www.aphis.usda.gov/international_safeguarding သို့ ဆက်သွယ်နိုင်သည်။

---

USDA is an equal opportunity provider and employer.